# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# သတ္တမနေ့ အစီအစဉ်

# [ ၂၃-၉-၂၀၁၄ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းပြီးနောက် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ တိုင်ကြားမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းပြီးနောက် ပေါ်လွင်ထင်ရှားသော တိုင်ကြားမှုအရေအတွက် မည်မျှရှိသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဝင်းမြင့်၊ ပုသိမ် မဲဆန္ဒနယ်၏ **ပြည်ထောင်စုအစိုးရက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအား မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မီးသတ်ယာဉ်များကို မည်ကဲ့သို့ စီစဉ်ထားရှိသည်နှင့် ရေးမြို့နယ်တွင် မီးသတ်ယာဉ် မည်မျှရှိသည်ကို သိလိုခြင်း၊ လူဦးရေထူထပ်၍ မီးသတ်ယာဉ် မရှိသော ကျေးရွာများသို့ မီးသတ်ယာဉ်ထားရှိရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဗိုလ်မှူးချုပ်တင်စိုး၊ တပ်မတော်သားကိုယ်စားလှယ်၏ **နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပတ်သက်၍ ပြည်သူလူထုကြား သိရှိသင့်သည်များကို မီဒီယာကဏ္ဍမှ မှန်မှန်ကန်ကန်သိရှိအောင် စီမံဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကြည်သာ၊ ငွ မဲဆန္ဒနယ်၏ **နိုင်ငံပိုင် New Light of Myanmar သတင်းစဉ်တွင် ပြည်သူ့လွှတ်တော်အား Lower House ဟုလည်းကောင်း၊ အမျိုးသားလွှတ်တော်ကို Upper House ဟုလည်းကောင်း ရေးသားနေခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အင်္ဂလိပ်ဘာသာပြန်နှင့် ကွဲလွဲနေခြင်းကြောင့် မည်သည့်ရေးထုံးအရ ရေးသားခြင်းကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုးနိုင်၊ မင်းတုန်း မဲဆန္ဒနယ်၏ **မင်းတုန်းမြို့ရေပေးဝေမှုအား တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအုန်းငွေ၊ မြောင် မဲဆန္ဒနယ်၏ **မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနရုံးကို မြေနေရာ သီးခြားသတ်မှတ်၍ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးစိုးနိုင်၊ ဖျာပုံ မဲဆန္ဒနယ်၏ **ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်(၄)ခုနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ကျိုက်လတ်မြို့တွင် ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်က **"မြန်မာနိုင်ငံ၏ စွမ်းအင်ဆိုင်ရာမူဝါဒကို လက်တွေ့ကျကျ ပြန်လည် သုံးသပ် စီမံဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက **"တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော **"စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။